# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၂၄/ ၂၀၂၄)　　　　၂၀၂၄ ခုနှစ်၊ ဩဂုတ်လ(၈) ရက်

| ၈ - ၈ - ၂၀၂၄ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂,၁၀၀.၀ |
| ယူရို | ၂,၂၉၇.၇ |
| စင်္ကာပူဒေါ်လာ | ၁,၅၈၆.၃ |
| စတာလင်ပေါင် | ၂,၆၆၇.၉ |
| ဂျပန်ယန်း (၁၀၀) | ၁,၄၃၇.၈ |
| တရုတ်ယွမ် | ၂၉၃.၁၄ |
| ဟောင်ကောင် ဒေါ်လာ | ၂၆၉.၅၈ |
| အိန္ဒိယရူပီး | ၂၅.၀၁၂ |
| ကိုရီးယားဝမ် (၁၀၀) | ၁၅၂.၇၄ |
| မလေးရှား ရင်းဂစ် | ၄၆၉.၈၀ |
| ဖိလစ်ပိုင်ပီဆို | ၃၆.၆၅၆ |
| ထိုင်းဘတ် | ၅၉.၃၆၄ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၃၅၂၄ |


လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ အိန္ဒိယနိုင်ငံဈေးကွက်များသို့ ပဲတီစိမ်းသစ်များ စတင်ဝင်ရောက်

➢ အိန္ဒိယနိုင်ငံတွင် သဘာဝရော်ဘာကုန်ကြမ်းလိုအပ်ချက်များပြားလျက်ရှိ၊ ပြည်ပမှ အကောက်ခွန်လွတ် တင်သွင်းခွင့်ပြုရန် ရော်ဘာလုပ်ငန်းရှင် အသိုင်းအဝိုင်းမှ အစိုးရထံ တင်ပြတောင်းဆို

➢ ပီရူးနိုင်ငံမှ အေးခဲထားသော ထောပတ်သီး၊ ဘလူးဘယ်ရီသီးနှင့် သရက်သီးများသည် တရုတ်ဈေးကွက်သို့ ဝင်ရောက်ခွင့်ရလုနီးပြီဖြစ်

➢ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ လတ်ဆတ်သော သရက်သီးများကို တရုတ်ဈေးကွက်သို့ ဝင်ရောက်ခွင့်ပေးခဲ့

➢ တရုတ်နိုင်ငံတွင် ယခုနှစ်နွေရာသီတွင် ၄က်ပျောသီးဈေးများ မြင့်တက်လျက်ရှိ

➢ စားအုန်းဆီ ပြည်တွင်းရောင်းချမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းကို ပြန်လည်ပြင်ဆင်မည့် အင်ဒိုနီးရှားနိုင်ငံ

➢ လာနီနာ (La Nina) ကြောင့် ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှုအပေါ် သက်ရောက်မှုရှိနိုင်ကြောင်း အင်ဒိုနီးရှားစားအုန်းဆီအသင်း (Indonesian Palm Oil Associ- ation) က သတင်းထုတ်ပြန်ထား

## အိန္ဒိယနိုင်ငံဈေးကွက်များသို့ ပဲတီစိမ်းသစ်များ စတင်ဝင်ရောက်

အိန္ဒိယနိုင်ငံ Karnataka ပြည်နယ်မြောက်ပိုင်း Gadag နှင့် Bagalkot ဈေးကွက်များသို့ ပဲတီစိမ်းသစ်များစတင်ဝင်ရောက်လာပြီဖြစ်ကြောင်းနှင့် အဆိုပါဒေသရှိ တောင်သူများက ၂၀၂၄ ခုနှစ် ခါရစ် (မိုးသီးနှံ) များကို စတင်ရိတ်သိမ်းနေပြီဖြစ်ကြောင်း သိရသည်။

စွတ်စိုသောရာသီဥတုအခြေအနေကြောင့် အဆိုပါ သီးနှံသစ်များ၌ ရေငွေ့ပါဝင်မှု ၂၀ ရာခိုင်နှုန်းအထက်ရှိကြောင်း သိရသည်။ ယင်းအခြေအနေက သီးနှံဈေးနှုန်းအပေါ် ရိုက်ခတ်မှုရှိပြီး၊ ၁ ကွင်တယ် (၁၀၀ ကီလိုဂရမ်) လျှင် ရူပီး ၆၀၀၀ မှ ရူပီး ၈၀၀၀ အကြားရှိကြောင်း သိရသည်။

ဗဟိုအစိုးရက ၂၀၂၄-၂၅ ခုနှစ်၊ ခါရစ်သီးနှံဝယ်ယူရေးရာသီအတွက် ပဲတီစိမ်းသီးနှံ၏ အနိမ့်ဆုံးပံ့ပိုးဈေးနှုန်းကို ၁ ကွင်တယ်လျှင် ရူပီး ၈၆၈၂ သတ်မှတ်ပေးမည်ဟု ထုတ်ပြန်ကြေညာထားပြီး၊ အဆိုပါဈေးနှုန်းသည် ယခင်နှစ်ကထက် ၁ ဒသမ ၄ ရာခိုင်နှုန်း တိုးမြင့်ခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံတွင် ယခုနှစ် ပဲတီစိမ်းထွက်ရှိမှုအခြေအနေကောင်းမွန်ကြောင်း၊ မိုးပုံမှန်ရွာသွန်းမည်ဆိုပါက ယခုထက် အထွက်နှုန်းပိုမိုကောင်းမွန်နိုင်ကြောင်း Gadag ရှိ ပဲကြိတ်ခွဲ စက်ပိုင်ရှင်တစ်ဦးက ပြောကြားခဲ့သည်။ အဆိုပါဒေသရှိ တောင်သူလယ်သမားအနေဖြင့် သီးနှံများ ပိုမိုကောင်းမွန်မှုရှိရန် မိုတိမ်ကင်းစင်ပြီး၊ လုံလောက်သောနေရောင်ရရှိရန် မျှော်လင့်နေကြကြောင်း သိရသည်။

ခြောက်သွေ့သော ပဲတီစိမ်း၏ ဝယ်လိုအားမှာကောင်းမွန်ပြီး Kalaburgi ကဲသို့ ဈေးကွက်များ၌ ဇူလိုင်လ ၂၅ ရက်နေ့က ဖြစ်ပေါ်လျက်ရှိသော ပျမ်းမျှဈေးနှုန်းသည် ၁ ကွင်တယ် (၁၀၀ ကီလိုဂရမ်) လျှင် ရူပီး ၈၂၀၀ ရှိကာ Bagalkot ဈေးကွက်တွင် ၁ ကွင်တယ် (၁၀၀ ကီလိုဂရမ်) လျှင် ရူပီး ၈၃၉၆ ရှိကြောင်း ကုန်သွယ်ရေးအရင်းအမြစ်များက ဖော်ပြသည်။

Karnataka ပြည်နယ်တွင် ပဲတီစိမ်းကို ဟက်တာ ၄ သိန်းခန့်စိုက်ပျိုးထားကြောင်း ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့ အချက်အလက်များအရ သိရသည်။ လွန်ခဲ့သောနှစ်က ဟက်တာ ၁ ဒသမ ၂၂ သိန်းသာ စိုက်ပျိုးခဲ့ရာ ၂၂၈ ရာခိုင်နှုန်းကျော် တိုးမြင့်လာခဲ့ကြောင်းနှင့် အဆိုပါနှစ်က ပြည်နယ်မြောက်ပိုင်းရှိ အဓိကသီးနှံစိုက်ပျိုးရာဒေသအများအပြားတွင် ရာသီဥတုပူပြင်းခြောက်သွေ့မှုကြောင့် သီးနှံစိုက်ပျိုးထွက်ရှိမှုကို ထိခိုက်စေခဲ့ကြောင်းသိရသည်။

ခါရစ် (မိုးသီးနှံ) ပဲတီစိမ်းအား အများဆုံးစိုက်ပျိုးထုတ်လုပ်သော ပြည်နယ်ဖြစ်သော Rajasthan ပြည်နယ်တွင် ပဲတီစိမ်းစိုက်ဧရိယာ ဟက်တာ ၂၅ ဒသမ ၁၁ သိန်းရှိကြောင်း ပြည်နယ်စိုက်ပျိုးရေးဌာန၏ ဇူလိုင်လ ၂၉ ရက်နေ့ အချက်အလက်များအရ သိရပြီး၊ ယခင်နှစ်ကထက် ဟက်တာ ၂၁ ဒသမ ၆၂ သိန်း တိုးတက်လာခဲ့ကြောင်း သိရသည်။

Agribusiness & Trade

Madhya Pradesh ပြည်နယ်ရှိ ဈေးကွက်အသီးသီးတွင် ဖြစ်ပေါ်လျက်ရှိသော နှမ်ပဲတီစိမ်း ဈေးနှုန်းမှာ ၁ ကွင်တယ်လျင် ရူပီး ၇၀၀၀ မှ ၈၂၀၀ ရှိပြီး၊ Gujarat ပြည်နယ်တွင် ရူပီး ၇၅၀၀ မှ ၈၅၂၅ နှင့် Uttar Pradesh ပြည်နယ်တွင် ရူပီး ၇၂၀၀ မှ ၇၇၀၀ အသီးသီးဖြစ်ပေါ်လျက်ရှိကြောင်း အိန္ဒိယပဲမျိုးစုံနှင့် သီးနှံအသင်း (India Pulses and Grains Association) က ဖော်ပြသည်။

သို့ပါ၍ အိန္ဒိယနိုင်ငံရှိ ဈေးကွက်များအတွင်းသို့ ပဲတီးစိမ်းသစ်များဝင်ရောက်လာမှု အခြေ အနေနှင့် အဓိက ပဲတီစိမ်းစိုက်ပျိုးထွက်ရှိရာ Karnataka၊ Rajasthan စသည့် ပြည်နယ်အသီးသီး၌ ယခင်နှစ်ကထက် ပဲတီစိမ်းစိုက်ကေများ တိုးမြင့်လာလျက်ရှိသည့်အခြေအနေကို တွေ့ရှိရပါသည်။ အိန္ဒိယနိုင်ငံအနေဖြင့် ပြည်တွင်းပဲမျိုးစုံဖူလုံရေးနှင့် ပြည်ပသို့ မှီခိုမှုကို လျှော့ချနိုင်ရန် ကြိုးပမ်း ဆောင်ရွက်လျက်သည်ဟု သုံးသပ်ရရှိပါကြောင်း သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး
ကော်လ်ကတ္တား
သတင်းရင်းမြစ်။ The Hindu Businessline, Karnataka: New moong crop have started arriving in markets, August 02, 2024.

………………………………………………………………………………………

## အိန္ဒိယနိုင်ငံတွင် သဘာဝရော်ဘာကုန်ကြမ်းလိုအပ်ချက်များပြားလျက်ရှိ၊ ပြည်ပမှ အကောက်ခွန်လွတ် တင်သွင်းခွင့်ပြုရန် ရော်ဘာလုပ်ငန်းရှင်အသိုင်းအဝိုင်းမှ အစိုးရထံ တင်ပြတောင်းဆို

အိန္ဒိယနိုင်ငံတွင် သဘာဝရော်ဘာကုန်ကြမ်း လိုအပ်ချက်များပြားလျက်ရှိသည့်အတွက် ပြည်ပမှ အကောက်ခွန်လွတ်တင်သွင်းခွင့်ပြုရန် ရော်ဘာလုပ်ငန်းရှင်အသိုင်းအဝိုင်းမှ အစိုးရထံ တင်ပြတောင်းဆိုလိုက်ကြောင်း The Hindu Businessline သတင်းဌာနက ယခုလ ၁ ရက်က ဖော်ပြ သည်။

ယခုနှစ် ဇွန်လတွင်သဘာဝရော်ဘာ ၆၀၀၀၀ တန်ထုတ်လုပ်ရန် မျှော်မှန်းထားသော်လည်း လက်တွေ့ဈေးကွက်တွင် ၃၀၀၀၀ တန်သာ ရရှိနိုင်ဖွယ်ရှိသည်ဟု သဘာဝရာဘာသုံးစွဲသူများက ထောက်ပြခဲ့ကြောင်း အိန္ဒိယရော်ဘာဘုတ်အဖွဲ့က ပြောကြားခဲ့သည်။ သဘာဝရော်ဘာကို ဇူလိုင်လ တစ်လျှောက်လုံး လက်တွေ့ရောင်းချပေးနိုင်ခြင်းမျိုး မရှိခဲ့သည့်အတွက် အငယ်စားနှင့် အလတ်စား ရော်ဘာလုပ်ငန်းများဖြစ်ကြသည့် ကားတာယာကုမ္ပဏီများအပေါ် ရိုက်ခတ်မှုဖြစ်စေခဲ့ကြောင်း သိရ သည်။

Agribusiness & Trade

တာယာ ကုမ္ပဏီများအနေဖြင့် ပြည်တွင်း၌ သဘာဝရော်ဘာထုတ်လုပ်မှု လျော့နည်းနိုင်မည်ဟု ကြိုတင်မျှော်မှန်း၍ ပြည်ပမှ ဝယ်ယူတင်သွင်းရန် လျာထားဆောင်ရွက်ခဲ့ကြသော်လည်း၊ သတ်မှတ်ထားသည့် အခြေခံပမာဏလောက်ကို ပြည်တွင်းမှ ရရှိရန် မျှော်မှန်းထားကြကြောင်း မော်တော်ကားတာယာထုတ်လုပ်သူများအသင်း (Automotive Tyre Manufacturers Association – ATMA) ညွှန်ကြားရေးမှူးချုပ် Rajiv Budhraja က ပြောကြားခဲ့သည်။

မျှော်မှန်းထားသည့်အတိုင်း လိုအပ်သည့်ကုန်ကြမ်းပမာဏကို မရရှိနိုင်ပါက တာယာစက်ရုံများ၏ ထုတ်လုပ်မှုကို ထိခိုက်စေနိုင်ကြောင်း၊ ATMA အသင်းဝင် တာယာကုမ္ပဏီအချို့သည် သဘာဝရော်ဘာကုန်ကြမ်း လိုအပ်သည့်ပမာဏမရရှိနိုင်သည့်အတွက် ၎င်းတို့၏ ထုတ်လုပ်မှုကို ၁၀ ရာခိုင်နှုန်းကျော် လျှော့ချထုတ်လုပ်ခဲ့ရသည်ဟု ၎င်းက ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံတွင် ရာဘာကို ဆိပ်ကမ်းနှစ်ခုမှသာတင်သွင်းရန် ကန့်သတ်ထားသည့်အတွက် ပြည်တွင်းသယ်ယူပို့ဆောင်ရန် အချိန်ကြာမြင့်ကြောင်း၊ တာယာစက်ရုံများသည် အဆက်မပြတ်လည်ပတ်နေရသည့်အတွက် ကုန်ကြမ်းပြတ်လပ်မှုမရှိရန်လိုအပ်ကြောင်း ၎င်းက ဆက်လက်၍ ပြောကြားခဲ့သည်။ ပြည်တွင်း၌ ရာဘာနှင့် ရာဘာစေးရရှိမှု မသေချာသည့်အတွက် ကုန်ကြမ်းလက်ကျန်များများစားစား သိုလှောင်ထားရှိခြင်း မပြုနိုင်သည့် MSME ရာဘာလုပ်ငန်းများ အခက်အခဲတွေ့ကြုံကြောင်း အိန္ဒိယနိုင်ငံလုံးဆိုင်ရာ ရာဘာလုပ်ငန်းများအသင်း (All India Rubber Industries Association) ဥက္ကဋ္ဌ Shashi Kumar Singh က ပြောကြားခဲ့သည်။

လက်ရှိတွင် ပြည်တွင်း သဘာဝရာဘာဈေးနှုန်းမှာ ၁၃ နှစ်တာကာလအတွင်း အမြင့်ဆုံးသို့ ရောက်ရှိလျက်ရှိကြောင်း၊ ဈေးကွက်အတွင်း သဘာဝရာဘာနှင့် ရာဘာစေးပြတ်လပ်မှု မကြာခဏ ဖြစ်ပေါ်လျက်ရှိပြီး၊ ပြည်ပမှတင်သွင်းရာတွင် အကောက်ခွန်နှုန်းထားကြီးမြင့်လျက်ရှိကြောင်း၊ အစိုးရအနေဖြင့် MSME ရာဘာလုပ်ငန်းများလည်ပတ်ဆောင်ရွက်နိုင်ရေး ပြန်လည်သုံးသပ် စဉ်းစားပေးစေလိုကြောင်း ၎င်းကပြောကြားခဲ့သည်။

အိန္ဒိယ ရာဘာသုံးစွဲနေသူများအနေဖြင့် ပြည်တွင်းလိုအပ်ချက်ပြည့်မီစေရေးအတွက် သဘာဝရာဘာကို အကောက်ခွန်လွတ်တင်သွင်းခွင့်ပြုရန်နှင့် ဆိပ်ကမ်း ၂ ခုတည်းမှ တင်သွင်းရန် ကန့်သတ်ထားသည့်အချက်ကို ဖယ်ရှားပေးရန် အစိုးရထံတင်ပြတောင်းခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံတွင် သဘာဝရာဘာကို ရာဘာဘုတ်အဖွဲ့မှ ခန့်မှန်းထားသည့် ပမာဏ၏ ထက်ဝက်ခန့်သာ ထုတ်လုပ်နိုင်သည်ကို တွေ့ရှိရပါသည်။ လတ်တလောတွင် ပြည်တွင်းရော်ဘာဈေးနှုန်းများ မြင့်တက်လျက်ရှိပြီး၊ မော်တော်ကားတာယာ စက်ရုံများ၌ သဘာဝရာဘာနှင့် ရာဘာစေးလို

Agribusiness & Trade

အပ်ချက် ပြည့်မီမှုမရှိသည့်အတွက် ပြည်ပမှ ပိုမိုတင်သွင်းခွင့်ရရှိရေး ဖြေလျှော့ဆောင်ရွက်ပေးရန် အစိုးရထံ တင်ပြတောင်းဆိုခဲ့ကြောင်း သိရှိရပါသည်။

သို့ပါ၍ မြန်မာနိုင်ငံမှ ရာဘာထုတ်လုပ်တင်ပို့ရောင်းချသူများအနေဖြင့် အိန္ဒိယနိုင်ငံသို့ သဘာဝရော်ဘာ ပိုမိုတင်ပို့နိုင်မည့် အခွင့်အလမ်း မကြာမီပေါ်ပေါက်လာနိုင်ကြောင်း သိရှိနိုင်ပါရန် သုံးသပ်တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

သတင်းရင်းမြစ်။ The Hindu Businessline, Natural rubber consumers seek duty-free imports amid raw material shortage, August 01, 2024.

........................................................................................................................

## ပီရူးနိုင်ငံမှ အေးခဲထားသော ထောပတ်သီး၊ ဘလူးဘယ်ရီသီးနှင့် သရက်သီးများသည် တရုတ်ဈေးကွက်သို့ ဝင်ရောက်ခွင့်ရလုနီးပြီဖြစ်

ပီရူးနိုင်ငံမှ သတင်းမီဒီယာတစ်ခု၏ ဖော်ပြချက်အရ ပီရူးစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏အကြီးအကဲ အန်ဂျယ်မာရိုကမ်ပိုစ်က ပီရူးမှ အေးခဲသောထောပတ်သီး၊ ဘလူးဘယ်ရီသီးနှင့် သရက်သီးများကို တရုတ်နိုင်ငံသို့ တင်ပို့ရန် ပြင်ဆင်နေပြီး စားသောက်ဆိုင်များ၊ ဟိုတယ်များနှင့် စူပါမားကတ်များကို အဓိကပစ်မှတ်ထားခြင်းဖြစ်သည်ဟု ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

အေးခဲထားသောသစ်သီးများအပြင် တရုတ်အကောက်ခွန်ဌာနသည် ယခုနှစ်အတွင်း ပီရူးနိုင်ငံမှ လတ်ဆတ်သော သလဲသီးနှင့် pecans များကိုလည်း ဈေးကွက်ဝင်ရောက်ခွင့်ပေးမည်ဟု Manero ကပြောကြားခဲ့ပြီး တရုတ်နိုင်ငံအကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင် အဖွဲ့၏အကြီးအကဲသည် သဘောတူညီချက်များကို လက်မှတ်ရေးထိုးနိုင်ရေးအတွက် စက်တင်ဘာလတွင် ပီရူးနိုင်ငံသို့ လာရောက်ရန် စီစဉ်ထားကြောင်းလည်း သိရှိရပါသည်။

တရုတ်နိုင်ငံသို့ ပီရူးလယ်ယာထွက်ကုန်တင်ပို့မှုစုစုပေါင်းတန်ဖိုးသည် အမေရိကန်ဒေါ်လာသန်း (၄၅၀)ရှိပြီး နှစ်စဉ်တိုးတက်မှုနှုန်းမှာ ခန့်မှန်းခြေအားဖြင့် (၁၀)ရာခိုင်နှုန်းရှိကြောင်း၊ အဆိုပါပမာဏအနက် လတ်ဆတ်သောသစ်သီးများ တင်ပို့မှုသည် စုစုပေါင်းအမေရိကန်ဒေါ်လာသန်း (၃၀၀) ရှိကြောင်း၊ ထို့အပြင် တရုတ်နှင့် ပီရူးတို့သည် ပီရူးနိုင်ငံထွက် လတ်ဆတ်သောစပျစ်သီးများကို တရုတ်နိုင်ငံသို့ လေကြောင်းဖြင့် ပို့ဆောင်ရန် သဘောတူညီချက်တစ်စောင်ကို မကြာသေးမီက လက်မှတ်ရေးထိုးခဲ့ကြကြောင်း၊ လေကြောင်းဖြင့်ပို့ဆောင်သော စပျစ်သီးများသည် ပိုမိုလတ်ဆတ်ပြီး နှစ်ရက်အတွင်း ဆိုင်ပေါ်သို့ရောက်ရှိနိုင်၍ တန်ဖိုးကြီးဈေးကွက်တွင် ယှဉ်ပြိုင်နိုင်မည်ဖြစ်

ကြောင်း၊ ထို့အပြင် တရုတ်နိုင်ငံသည် ပီရူးနိုင်ငံမှ မြင်း၊ မြည်းအသားနှင့် သားရေများကို တင်သွင်းခွင့်ပြုတော့မည်ဖြစ်ကြောင်းလည်း သိရှိရပါသည်။

Manero သည် လာမည့်နိုဝင်ဘာလတွင် ပြီးစီးမည့် ပီရူးနိုင်ငံရှိ Chancay Port Terminal ၏ အရေးပါမှုကို အလေးပေးပြောကြားခဲ့ကြောင်း၊ ၎င်းသည် စိုက်ပျိုးရေးထုတ်ကုန်များအတွက် သယ်ယူပို့ဆောင်ခကို (၃၀)ရာခိုင်နှုန်းအထိ လျှော့ချပေးနိုင်မည်ဖြစ်ပြီး ကွန်တိန်နာတစ်လုံးလျှင် အမေရိကန်ဒေါ်လာ (၂၀၀၀)မှ (၃၀၀၀)ထိ သက်သာစေမည်ဖြစ်ကြောင်း၊ ထို့အပြင် ထိုဆိပ်ကမ်းသစ်သည် တရုတ်နိုင်ငံသို့ သင်္ဘောဖြင့် ပို့ဆောင်ချိန်ကို (၂၈)ရက်မှ (၁၆)ရက်အထိ လျှော့ချနိုင်မည်ဖြစ်၍ ပုတ်သိုးပျက်စီးလွယ်သောထုတ်ကုန်များအတွက် အလွန်အရေးပါကြောင်း သိရှိရပါသည်။

Chancay Port Terminal ကို လုပ်ငန်းစတင်လည်ပတ်ပြီးပါက စိုက်ပျိုးရေးထွက်ကုန်များ တင်ပို့မှုသည် နှစ်စဉ်တိုးတက်မှုနှုန်း (၁၅) မှ (၂၀) ရာခိုင်နှုန်းသို့ ရောက်ရှိနိုင်သည်ဟု ပီရူးနိုင်ငံက မျှော်လင့်ထားကြောင်း၊ ဥရောပသို့ ပီရူးစိုက်ပျိုးရေးထွက်ကုန်များတင်ပို့မှုသည် နှစ်စဉ်တိုးတက်မှုနှုန်း (၃) မှ (၄)ရာခိုင်နှုန်းသာရှိ၍ တရုတ်နိုင်ငံသို့ တင်ပို့မှုသည် (၁၀) မှ (၁၅)ရာခိုင်နှုန်း တိုးတက်လျက်ရှိပြီး ရေရှည်တွင်(၂၀) ရာခိုင်နှုန်းအထိ ရှိနိုင်သည်ဟု Manero က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး
နန်နင်းမြို့

Source: https://www.producereport.com/article/frozen-peruvian-avocados-blueberries-mangos-nearing-china-market-access

………………………………………………………………………………………………

## ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ လတ်ဆတ်သော သရက်သီးများကို တရုတ်ဈေးကွက်သို့ ဝင်ရောက်ခွင့်ပေးခဲ့

တရုတ်နိုင်ငံ၏ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့သည် ပိုးမွှားကင်းရှင်းရေးဆိုင်ရာလိုအပ်ချက်များနှင့် ကိုက်ညီသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ လတ်ဆတ်သောသရက်သီးများကို တရုတ်နိုင်ငံသို့ တင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်း ၎င်း၏ ဝက်ဘ်ဆိုဒ်၌ ဇူလိုင်လ (၂၆)ရက်နေ့တွင် ကြေညာခဲ့ကြောင်း၊ တရုတ်နိုင်ငံသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ သရက်သီး၊ ပိန္နဲသီးနှင့် အာလူးများကို တင်သွင်းရန် ရည်ရွယ်ထားကြောင်း ဘင်္ဂလားဒေ့ရှ်မီဒီယာများက ဧပြီလအစောပိုင်းကပင် ဖော်ပြခဲ့ကြကြောင်း သိရှိရပါသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ကမ္ဘာပေါ်တွင် သရက်သီးအဓိကထုတ်လုပ်သည့်နိုင်ငံဖြစ်ပြီး နှစ်စဉ်အထွက်နှုန်း မက်ထရစ်တန်ချိန် (၁)သန်းကျော်ရှိကြောင်း၊ သရက်သီးတင်ပို့သည့်ရာသီသည် မေလမှ စက်တင်ဘာလအထိ ကြာမြင့်ပြီး အဓိကတင်ပို့သည့်နိုင်ငံများမှာ ဗြိတိန်၊ ဆော်ဒီအာရေဗျနှင့် အီတလီတို့ဖြစ်ကြောင်း၊ သို့သော်လည်း ထုတ်လုပ်မှုနှင့် တင်ပို့မှုတွင် ကန့်သတ်ချက်များရှိနေခြင်းသည် ဘင်္ဂလားဒေ့ရှ် သရက်သီးများ၏ ပို့ကုန်အလားအလာကို အပြည့်အဝအကောင်အထည်ဖော်ရန် လိုအပ်ချက်များရှိနေသည်ကို ဖော်ပြလျက်ရှိကြောင်း သိရှိရပါသည်။

၂၀၁၅ ခုနှစ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် သရက်သီး မက်ထရစ်တန် (၈၀၀)ခန့်တင်ပို့ခဲ့ပြီး အဓိကအားဖြင့် ဥရောပဈေးကွက်သို့ တင်ပို့ခြင်းဖြစ်ကြောင်း၊ သို့သော်လည်း ပြဿနာအချို့ကြောင့် ပို့ကုန်ပမာဏသည် ၂၀၁၆ ခုနှစ်တွင် မက်ထရစ်တန် (၃၀၀)သို့ ကျဆင်းသွားခဲ့ကြောင်း၊ မကြာသေးမီနှစ်များအတွင်း အခြေအနေအနည်းငယ် တိုးတက်လာခဲ့ပြီး ၂၀၂၁ ခုနှစ်တွင် မက်ထရစ်တန် (၁,၇၅၇)တင်ပို့နိုင်ခဲ့ကြောင်းနှင့် ၂၀၂၃ ခုနှစ်တွင် မက်ထရစ်တန်ချိန် (၄,၀၀၀) တင်ပို့ရန် ရည်မှန်းဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံသို့ သရက်သီးတင်ပို့မည့် ဥယျာဉ်ခြံများ၊ ထုပ်ပိုးသည့်စက်ရုံများ၊ အအေးခန်းနှင့် အပူပေးစက်များကို ဘင်္ဂလားဒေ့ရှ်စိုက်ပျိုးရေးဝန်ကြီးဌာနက စစ်ဆေး၍ မှတ်ပုံတင်ရမည်ဖြစ်ပြီး GACC က အတည်ပြုမည်ဟု GACC ၏ ကြေညာချက်တွင် ဖော်ပြထားပါသည်။ စိုက်ပျိုးရေးခြံများသည် ခြေရာခံနိုင်မှုစနစ်ကိုထူထောင်၍ ကောင်းမွန်သော စိုက်ပျိုးရေးအလေ့အကျင့်များနှင့် ပိုးမွှားစီမံခန့်ခွဲမှုနည်းပညာများကို လိုက်နာရမည်ဖြစ်ကြောင်း၊ ထုပ်ပိုးသည့်ပစ္စည်းများသည် သန့်ရှင်းမှုဆိုင်ရာစံနှုန်းများနှင့် ကိုက်ညီမှုရှိရမည်ဖြစ်ပြီး ပိုးမွှားများကို တားဆီးကာကွယ်ရန် အစီအမံများကို အကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း၊ အင်းဆက်ပိုးမွှားများ၊ ပုပ်နေသောအသီးများ၊ အကိုင်းအခက်များ၊ အရွက်များ၊ အမြစ်များနှင့် မြေဆီလွှာများ မပါရှိစေရန်အတွက် တရုတ်နိုင်ငံသို့ တင်ပို့မည့်သရက်သီးများကို ထုပ်ပိုးမှုလုပ်ငန်းစဉ်အတွင်း ပိုးပါသော (သို့မဟုတ်) ပုံပျက်နေသော အသီးအနံ့များကို ဖယ်ရှားခြင်း၊ ခွဲထုတ်ခြင်း၊ အဆင့်ခွဲခြင်းနှင့် လေမှုတ်ခြင်း အပါအဝင် လုပ်ငန်းစဉ်များကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံသို့ တင်ပို့မည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ သရက်သီးများတွင် the guava fruit fly (Bactrocera correcta)၊ peach fruit fly (Bactrocera zonata)၊ mango bud mite (Aceria mangiferae)၊ spiraling whitefly (Aleurodicus dispersus)၊ mango blossom gall midge (Procontarinia mangiferae)၊ mango fruit borer (Citripestis eutraphera)၊ mango pulp weevil (Sternochetus frigidus)၊ mango seed weevil (Sternochetus mangiferae)၊ သရက်သီး၌တွေ့ရသော mealybugs (၃)မျိုး (Drosicha mangiferae, Rastrococcus iceryoides

and Rastrococcus invadens)၊ mango shield scale (Milviscutulus mangiferae)၊ coffee mealybug (Planococcus lilacinus)၊ passionvine mealybug (Planococcus minor) နှင့် pathogenic fungi (၂)မျိုး (Neofusicoccum mangiferae and Phomopsis mangiferae) အပါအဝင် ပိုးမွှားစုစုပေါင်း (၁၆)မျိုး ကင်းရှင်းရမည်ဟု တရုတ်နိုင်ငံက  သတ်မှတ်ခဲ့ကြောင်း သိရှိရပါသည်။

သရက်ပင်များသည် အပင်ရောဂါအမျိုးမျိုးနှင့် အင်းဆက်ပိုးမွှားများ ကျရောက်နိုင်သောကြောင့် သရက်သီးများကို တင်ပို့ခြင်းမပြုမီ ဘင်္ဂလားဒေ့ရှ်စိုက်ပျိုးရေးဝန်ကြီးဌာန (သို့မဟုတ်) သက်ဆိုင်ရာဝန်ထမ်း၏ ကြီးကြပ်လမ်းညွှန်မှုအောက်တွင် ရေနွေးငွေ့ပေးခြင်း (သို့မဟုတ်) ရေနွေးဖြင့်ဆေးကြောခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရေနွေးငွေ့ဖြင့် ပေါင်းခံရာတွင် အမြင့်ဆုံးအပူချိန် (၄၆.၅) ဒီဂရီစင်တီဂရိတ်တွင် စိုထိုင်းဆ (၉၅)ရာခိုင်နှုန်းဖြင့် (၁၀)မိနစ်အထိထားရှိရန် လိုအပ်ကြောင်း၊ ရေနွေးဖြင့်ဆေးကြောရာတွင် အသီးများကို အပူချိန် (၄၈)ဒီဂရီ စင်တီဂရိတ်တွင် (၁၅) မိနစ်ခန့် ရေအပြည့်မြုပ်ထားရန် လိုအပ်ကြောင်း သိရှိရပါသည်။

ကောခိုင်ကျော်၊ စီးပွားရေးသံမှူး
နန်နင်းမြို့
Source: [https://www.producereport.com/article/fresh-bangladeshi-mangos-granted-china-market-access](https://www.producereport.com/article/fresh-bangladeshi-mangos-granted-china-market-access)

.....................................................................................................

## တရုတ်နိုင်ငံတွင် ယခုနှစ်နွေရာသီတွင် ငှက်ပျောသီးဈေးများ မြင့်တက်လျက်ရှိ

ပုံမှန်အားဖြင့် နဂါးလှေပွဲတော်အပြီး ဇွန်လမှစတင်၍ အခြားရာသီပေါ် အသီးအနှံများ ဝင်ရောက်မှုကြောင့် တရုတ်နိုင်ငံတွင် ငှက်ပျောသီးဈေးများ ကျဆင်းလေ့ရှိသော်လည်း ယခုနှစ် ဇွန်လတွင် ဟိုင်နန်မှလွဲ၍ ငှက်ပျောသီးအဓိကထွက်ရှိသော ကျန်ဒေသများတွင် မေလနှင့် နှိုင်းယှဉ်ပါက ငှက်ပျောခြံပေါက်ဈေးများ မြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။

ကွမ်ရှီးဒေသတွင် ငှက်ပျောသီးဈေးအမြင့်ဆုံးဖြစ်ခဲ့ပြီး ဇွန်လတွင် ပျမ်းမျှခြံပေါက်ဈေးမှာ တစ်ကီလိုဂရမ်လျှင် (၃.၅၅)ယွမ် (အမေရိကန်ဒေါ်လာ၀.၄၉) ရှိခဲ့ပြီး (၄၂.၇) ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း၊ တစ်ချိန်တည်းတွင် ကွမ်တုန်းပြည်နယ်ရှိ ပျမ်းမျှခြံပေါက်ဈေးသည် တစ်ကီလိုလျှင် (၂.၈၀) ယွမ် (အမေရိကန်ဒေါ်လာ ၀.၃၉)ရှိပြီး ယခင်လကထက် (၃.၇)ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ ယူနန်ပြည်နယ်တွင် ပျမ်းမျှဈေးနှုန်းမှာ တစ်ကီလိုဂရမ်လျှင် (၃.၁၆)ယွမ် (အမေရိကန် ဒေါ်လာ ၀.၄၄) ဖြစ်ပြီး (၁၇.၉)ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း၊ ဖူကျန့်ပြည်နယ်တွင် ပျမ်းမျှဈေးနှုန်းမှာ တစ်ကီလို

Agribusiness & Trade

ဂရမ်လျှင် (၁.၉၆)ယွမ် (အမေရိကန်ဒေါ်လာ ၀.၂၇) ဖြစ်ပြီး (၆.၅)ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ ဆန့်ကျင်ဘက်အားဖြင့် ဟိုင်နန်တွင် ပျမ်းမျှဈေးနှုန်းသည် တစ်ကီလိုဂရမ်လျှင် (၃.၄၆)ယွမ် (အမေရိကန်ဒေါ်လာ ၀.၄၈)သို့ ကျဆင်းသွားပြီး မေလနှင့်နှိုင်းယှဉ်ပါက (၉.၃) ရာခိုင်နှုန်း ကျဆင်းသွားကြောင်း သိရှိရပါသည်။

စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသရေးရာဝန်ကြီးဌာန၏ ဈေးကွက်နှင့် သတင်းအချက်အလက်ဌာနမှ အချက်အလက်များအရ စားသုံးသူဈေးကွက်တွင် ဇွန်လ၌ တစ်နိုင်ငံလုံး နေ့စဉ် ငှက်ပျောသီးပျမ်းမျှလက်ကားဈေးနှုန်းသည် တစ်ကီလိုဂရမ်လျှင် (၅.၅၇)ယွမ် (အမေရိကန်ဒေါ် လာ ၀.၇၇) မှ တစ်ကီလိုဂရမ်လျှင် (၅.၇၁)ယွမ် (အမေရိကန်ဒေါ်လာ ၀.၇၉) အထိရှိကြောင်း၊ အမြင့်ဆုံးဈေးနှုန်းမှာ ဇွန်လ (၂၈) ရက်နေ့တွင် တစ်ကီလိုဂရမ်လျှင် (၅.၇၄)ယွမ် (အမေရိကန်ဒေါ်လာ ၀.၇၉)ရှိခဲ့ပြီး ယခင်လ၏ အမြင့်ဆုံးဈေးနှုန်းထက် တစ်ကီလိုဂရမ်လျှင် (၀.၁၇)ယွမ် (အမေရိကန်ဒေါ်လာ ၀.၀၂၃) တိုးလာကြောင်း၊ ဇွန်လတွင် တရုတ်နိုင်ငံရှိ ငှက်ပျောသီးများ၏ ပျမ်းမျှလက်လီဈေးသည် တစ်ကီလိုဂရမ်လျှင် (၇.၈၉)ယွမ် (အမေရိကန်ဒေါ်လာ ၁.၀၉)ရှိပြီး ယခင်လကထက် (၂.၁) ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။

ဇွန်လတွင် ငှက်ပျောသီးဈေးများ မြင့်တက်မှုသည် မေလမှစတင်၍ ပြည်တွင်းရောင်းလိုအားနည်းပါးခြင်းကြောင့်ဖြစ်ပြီး ငှက်ပျောသီး ပြတ်လပ်မှုဖြစ်စေခဲ့ကြောင်း၊ ပုံမှန်အားဖြင့် မေလနှင့် ဇွန်လတွင် ဈေးကွက်သို့ရောက်ရှိမည့် ငှက်ပျောသီးများကို ဈေးကောင်းရရှိရန်အတွက် ကြိုတင်ခူးဆွတ်ခဲ့ကြကြောင်း၊ ရလဒ်အနေဖြင့် ပြည်တွင်း ငှက်ပျောသီးထုတ်လုပ်မှုသည် ဇန်နဝါရီလ၊ ဖေဖော်ဝါရီလ၊ မတ်လနှင့် ဧပြီလတို့တွင် (၈.၆)ရာခိုင်နှုန်း၊ (၁၈.၃)ရာခိုင်နှုန်း၊ (၃၂.၃) ရာခိုင်နှုန်းနှင့် (၂၅.၃) ရာခိုင်နှုန်း အသီးသီးတိုးတက်ခဲ့ကြောင်း၊ ထို့ကြောင့် မေလလယ်တွင် ငှက်ပျောခြံများတွင် ငှက်ပျောသီးများ ခူးဆွတ်ပြီးသွားသည့်အနေအထားရှိကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံတွင် ငှက်ပျောစိုက်ပျိုးမှုကို ကွမ်တုန်း၊ ကွမ်ရှီး၊ ယူနန်၊ ဟိုင်နန်၊ ကွေ့ကျိုးနှင့် ဖူကျန့်တို့တွင် အဓိကစိုက်ပျိုးကြကြောင်း၊ သို့သော်လည်း ဟိုင်နန်မှလွဲ၍ အခြားအဓိကစိုက်ပျိုးထုတ်လုပ်သော ပြည်နယ်များသည် မေလတွင် ငှက်ပျောအထွက်နှုန်း ကျဆင်းလာခဲ့ကြောင်း သိရှိရပါသည်။

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလမှ ၂၀၂၄ ခုနှစ်၊ ဧပြီလအထိ ငှက်ပျောသီးဈေးကွက်အေးနေသဖြင့် ငှက်ပျောသီးတင်သွင်းမှုလျော့ကျခဲ့ပြီး ပြည်တွင်း ငှက်ပျောသီးများအတွက် ဈေးကွက်ပိုမိုရရှိစေခဲ့ကြောင်း၊ တရုတ်နိုင်ငံ၏ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့၏ အချက်အလက်များအရ ၂၀၂၄ ခုနှစ်၊ မေလတွင် တရုတ်နိုင်ငံ၏ ငှက်ပျောသီးတင်သွင်းမှု ပမာဏသည် မက်ထရစ်တန် (၁၄၆,၀၀၀) ရှိပြီး သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ (၈၀.၁၁)သန်းရှိကြောင်း သိရှိရပါ

သည်။ ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက သွင်းကုန်ပမာဏ (၁၉.၃)ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး သွင်းကုန်တန်ဖိုး (၃၂.၃)ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ ယခင်လနှင့် နှိုင်းယှဉ်ပါက သွင်းကုန်ပမာဏ (၂၂.၇)ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး သွင်းကုန်တန်ဖိုး (၁၇.၉)ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရှိရပါသည်။

၂၀၂၄ ခုနှစ်၊ မေလတွင် တရုတ်နိုင်ငံသို့ ငှက်ပျောသီး အဓိကတင်ပို့ရောင်းချသည့် (၃)နိုင်ငံစလုံးသည် ပို့ကုန်ကျဆင်းမှုနှင့် ကြုံတွေ့ခဲ့ရကြောင်း၊ ဗီယက်နမ်သည် တရုတ်နိုင်ငံ၏ အကြီးဆုံး ငှက်ပျောသီး တင်ပို့သူဖြစ်ပြီး ပို့ကုန်ပမာဏမှာ (၄၁,၇၂၅) မက်ထရစ်တန်ဖြစ်ပြီး ယခင်လကထက် (၄၇.၁)ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ ဖိလစ်ပိုင်သည် ပို့ကုန်ပမာဏ (၃၉,၆၂၂)မက်ထရစ်တန်ဖြင့် ဒုတိယနေရာတွင် ရပ်တည်နေပြီး (၈.၃)ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ကမ္ဘောဒီးယားနိုင်ငံသည် ပို့ကုန်ပမာဏ (၂၁,၄၈၁)မက်ထရစ်တန်ဖြင့် (၁၂.၉)ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရှိရပါသည်။

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး
နန်နင်းမြို့
Source: [https://www.producereport.com/article/china-sees-higher-banana-prices-summer](https://www.producereport.com/article/china-sees-higher-banana-prices-summer)

.......................................................................................................................

## စားအုန်းဆီ ပြည်တွင်းရောင်းချမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းကို ပြန်လည်ပြင်ဆင်မည့် အင်ဒိုနီးရှားနိုင်ငံ

အင်ဒိုနီးရှားနိုင်ငံ၊ ကုန်သွယ်ရေးဝန်ကြီးဌာနက စားအုန်းဆီပြည်တွင်းရောင်းချမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ပြန်လည်ပြင်ဆင်မည်ဟု ပြောကြားခဲ့ကြောင်း အင်ဒိုနီးရှား စားအုန်းဆီအသင်း (Indonesian Palm Oil Association) က ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့ပါသည်။ အဆိုပါပြင်ဆင်မှုသည် ပြည်တွင်းဈေးကွက်တွင် ရောင်းချမည့် စားအုန်းဆီအမျိုးအစားနှင့် ဈေးနှုန်းတို့တွင် ပြောင်းလဲမှုများ ရှိလာနိုင်မည်ဖြစ်ပါသည်။

အင်ဒိုနီးရှားနိုင်ငံ၊ ကုန်သွယ်ရေးဝန်ကြီးဌာန၏ ညွှန်ကြားရေးမှူးဖြစ်သူ Bambang Wisnubroto က ပြင်ဆင်ချက်ကို တစ်ပတ်အတွင်းထုတ်ပြန်မည်ဖြစ်ကြောင်း ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့က ပြောကြားခဲ့ပါသည်။ လက်ရှိတွင် ပြည်တွင်းဈေးကွက်လုပ်ထုံး လုပ်နည်းအစီအစဉ် (Domestic Market Obligation – DMO) အရ ကုမ္ပဏီများအနေဖြင့် စားအုန်းဆီပြည်ပသို့ တင်ပို့နိုင်မည့်ပမာဏမှာ ပြည်တွင်း၌ရောင်းချသည့်ပမာဏ၏ ၄ ဆ ဖြစ်ပါသည်။ စားအုန်းဆီထုတ်လုပ်သူများအနေဖြင့် ပြည်ပသို့တင်ပို့ခွင့်ပါမစ်ရရှိရန်အတွက် ပြည်တွင်းဈေးကွက်တွင် သတ်မှတ်ထားသည့်

ဈေးနှုန်းဖြင့် စားအုန်းဆီကို ရောင်းချရပါသည်။ အစိုးရက ပြည်တွင်းဈေးကွက်တွင် ပြည်သူများ တတ်နိုင်သည့် ဈေးနှုန်းဖြင့် စားအုန်းဆီရရှိနိုင်မှုကို အာမခံသည့်နည်းလမ်းတစ်ခုအနေဖြင့် DMO ကို အသုံးပြုခြင်းဖြစ်ပါသည်။

သွယ်သွယ်ဆုတင်၊ စီးပွားရေးသံမှူး
စင်္ကာပူ
ရင်းမြစ်။ အင်ဒိုနီးရှားစားအုန်းဆီအသင်း (Indonesian Palm Oil Association)

## လာနီနာ (La Nina) ကြောင့် ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှုအပေါ် သက်ရောက်မှုရှိနိုင်ကြောင်း အင်ဒိုနီးရှားစားအုန်းဆီအသင်း (Indonesian Palm Oil Association) က သတင်းထုတ်ပြန်ထား

Meteorology, Climatology, and Geophysics Board က ၂၀၂၄ ခုနှစ်၊ ဩဂုတ်လမှ အောက်တိုဘာလအတွင်း အင်ဒိုနီးရှားနိုင်ငံတွင် လာနီနာ (La Nina) ဖြစ်ပေါ်နိုင်ကြောင်း တင်ပြခဲ့ရာ ဆီအုန်းလုပ်ငန်းများအတွက် ရာသီဥတုဆိုင်ရာစိန်ခေါ်မှုတစ်ရပ် ဖြစ်ပေါ်လာနိုင်သည်ဟု အင်ဒိုနီးရှား စားအုန်းဆီအသင်း (Indonesian Palm Oil Association) က သတင်း ထုတ်ပြန်ခဲ့ပါသည်။

La Nina သည် ၃ နှစ်မှ ၅ နှစ်တစ်ကြိမ် ဖြစ်ပေါ်လေ့ရှိပြီး ၂ နှစ်ဆက်တိုက်လည်း ဖြစ်ပေါ် လေ့ရှိကြောင်း၊ La Nina ဖြစ်စဉ်မှာ အီကွေတာ-ပစိဖိတ်အရှေ့အလယ်ပိုင်းနှင့် အလယ်ပိုင်းဒေသ များရှိ သမုဒ္ဒရာမျက်နှာပြင်အပူချိန်ကျဆင်းသည့်ဖြစ်စဉ်ဖြစ်ပြီး အဆိုပါ ဖြစ်စဉ်အတွင်း အင်ဒိုနီးရှား နိုင်ငံမှ တောင်အမေရိက အနောက်ကမ်းရိုးတမ်းအထိ ဒေသများတွင် ပိုမိုမိုးကြီးနိုင်ကြောင်း ဖော်ပြ ထားပါသည်။

အင်ဒိုနီးရှားစားအုန်းဆီအသင်းဥက္ကဋ္ဌ Eddy Martono က La Nina ကြောင့် ဆီအုန်းခူးဆွတ် ခြင်း၊ ဆီအုန်းစိုက်ခင်းများမှ ဆီအုန်းအခိုင်များ သယ်ယူပို့ဆောင်ခြင်းတို့တွင် ထိခိုက်မှုများရှိနိုင် ကြောင်း၊ အခြေအနေပိုမိုဆိုးရွားပါက စိုက်ခင်းများ ရေမြုပ်နိုင်ပြီး ထုတ်လုပ်မှုကျဆင်းနိုင်ကြောင်း၊ La Nina ကြောင့် ကမ္ဘာ့ဈေးကွက်တွင် စားအုန်းဆီကြမ်း (Crude Palm Oil – CPO) ဈေးနှုန်းမြင့် တက်မှု မရှိနိုင်သော်လည်း ဈေးကွက်သို့ စားအုန်းဆီ တင်ပို့မှုလျော့ကျပါက ဈေးနှုန်းမြင့်တက်လာ နိုင်ကြောင်း၊ La Nina သည် အင်ဒိုနီးရှားနိုင်ငံအပေါ် သက်ရောက်မှုရှိပါက ဆီအုန်းစိုက်ပျိုးထုတ်လုပ် မှုအပေါ် ဆိုးကျိုးဖြစ်ပေါ်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

Palm Oil Agribusiness Strategic Policy Institute ၏ အမှုဆောင်ဒါရိုက်တာ Tungkot Sipayung က ပြင်းထန်သည့် La Nina ကြောင့် စိုက်ခင်းများရေမြုပ်ခြင်း၊ ဆီအုန်းခူးဆွတ်ခြင်း၊

ဆီအုန်းစိုက်ခင်းများမှ ဆီအုန်းအခိုင်များ သယ်ယူပို့ဆောင်ခြင်းတို့ကို ထိခိုက်မည်ဖြစ်ကြောင်း၊ La Nina နှင့် El Nino တို့၏ သက်ရောက်မှုကိုလျှော့ချရန် ကာလတို၊ ကာလလတ် ကြိုတင်ပြင်ဆင်မှုများနှင့် El Nino ကာလအတွင်း ရေအသုံးပြုနိုင်ရန် ရေကန်များ ကြိုတင်ပြင်ဆင်ခြင်းစသည့် ရေစီမံခန့်ခွဲမှု တိုးတက်စေရေး ဆောင်ရွက်သင့်ကြောင်း၊ ဝတ်မှုံကူးကာလဖြစ်သည့် အောက်တိုဘာလမှ ဒီဇင်ဘာလအတွင်း La Nina ဖြစ်စဉ်သည် အလယ်အလတ်ဖြစ်ပွားပါက ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

Indonesian Smallholders Association ဥက္ကဋ္ဌ Gulat Manurung က La Nina သည် ၁ လမှ ၃ လ အတွင်းဖြစ်ပေါ်မည်ဖြစ်သည့်အတွက် ဆီအုန်းစိုက်ခင်းများမှ ဆီအုန်းအခိုင်များ သယ်ယူပို့ဆောင်ခြင်းအပေါ် သက်ရောက်မှုမရှိနိုင်ကြောင်း၊ ရေကြီးခြင်း၊ လမ်းများပျက်ဆီးခြင်း စသည်တို့ကြောင့် ဆီအုန်းခူးဆွတ်ခြင်းအပေါ်သာ သက်ရောက်နိုင်ကြောင်း၊ စိုက်ပျိုးသူများအနေဖြင့် ရာသီဥတုပြောင်းလဲမှုအသစ်များနှင့်ရင်ဆိုင်နိုင်ရန် ပြင်ဆင်ထားသင့်ကြောင်း ပြောကြားခဲ့ပါသည်။

၂၀၂၄ ခုနှစ်၊ ဩဂုတ်လမှ အောက်တိုဘာလအတွင်း La Nina ဖြစ်ပေါ်ပါက အင်ဒိုနီးရှားနိုင်ငံမှ တောင်အမေရိကအနောက်ကမ်းရိုးတမ်းအထိ နိုင်ငံများတွင် မိုးကြီးမှုများဖြစ်ပေါ်ပြီး ဆီအုန်းစိုက်ပျိုးထုတ်လုပ်သည့် အဆိုပါဒေသရှိ အီကွေဒေါနိုင်ငံ၊ ကိုလံဘီယာနိုင်ငံ၊ ပါပူဝါနယူးဂီနီနိုင်ငံ စသည့် နိုင်ငံများ၏ ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှုအပေါ် သက်ရောက်မှုများရှိလာနိုင်သည်ဟု သုံးသပ်ရပါသည်။

မြန်မာနိုင်ငံ ဆီအုန်းစိုက်ပျိုးထုတ်လုပ်သူများ၊ စားအုန်းဆီတင်သွင်းသူများနှင့် အခြားသောပါဝင်ပတ်သက်သူများ၊ အသင်းအဖွဲ့များ၊ ဌာနများအနေဖြင့်လည်း အဆိုပါအခြေအနေအပေါ် ချိန်ဆ၍ စိုက်ပျိုးထုတ်လုပ်မှု၊ တင်သွင်းမှုတို့နှင့်စပ်လျဉ်း၍ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ထားရှိရန်ဖြစ်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။

သွယ်သွယ်ဆုတင်၊ စီးပွားရေးသံမှူး

စင်္ကာပူ

ရင်းမြစ်။ အင်ဒိုနီးရှားစားအုန်းဆီအသင်း (Indonesian Palm Oil Association)

…………………………………………………………………………………………………